CONCORDIA
OA,Medical,Engineering
Co Rego/Tax No : 177703591
Hotline : 09- 880 441 060
ISO Certified 9001: 2015 No. 740942

Concordia Public Co., Ltd.
YGN : Bld 11, MICT Park, Hlaing Tsp, Yangon Tel : 01-654 951~8
MDY : C 3, Thiri Mingalar Housing, 27St, B/t 73 x 74 St, Chan Aye Tharzan Tsp, Mandalay. Tel : 02-406 9303
NPT : 144, Thiri Yadanar Shopping Complex, Zabu Thiri Tsp, Nay Pyi Taw. Tel: 067-420 819 / 09-660 723 512
TGI : No.Ma /434, Mingalaroo Ward, Mingalar Street, Taunggyi. Tel: 09-444 406 318
MGW : 67-D, Makyeepin Street, Kan Thar Qtr, Magway. Tel: 09-687944101 / 09-793677561

Facebook
Concordia Int Co Ltd, Myanmar
Website
www.concrodiamyanmar.com

SR- 010295

ကွန်ကော့ဒီးယား အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ သတင်းထုတ်ပြန်ချက်

၂၀၂၆ ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်

Concordia Public Company Limited (CONPC) ("Concordia" သို့မဟုတ် "ကုမ္ပဏီ") သည် ရန်ကုန်စတော့အိတ်ချိန်း ("YSX") ၏ ပင်မဈေးကွက်တွင် စာရင်းဝင်ကုမ္ပဏီအဖြစ် (Listing) ခွင့်ပြုချက် ရရှိခဲ့ပြီဖြစ်ကြောင်း ကြေညာအပ်ပါသည်။ ဤသို့ ခွင့်ပြုချက်ရရှိခြင်းသည် **၁၉၉၃** ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော အင်ဂျင်နီယာလုပ်ငန်းမှသည် မြန်မာနိုင်ငံအတွင်း စက်ပစ္စည်း၊ နည်းပညာနှင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများကို စုံလင်စွာ ထောက်ပံ့ပေးနေသည့် လုပ်ငန်းတစ်ခုအဖြစ် Concordia ၏ တိုးတက်ပြောင်းလဲမှုတွင် အရေးပါသော မှတ်တိုင်တစ်ခု ဖြစ်ပါသည်။

စာရင်းဝင်ကုမ္ပဏီအဖြစ် စာရင်းတင်သွင်းမည့်ရက်စွဲ (ရှယ်ယာစတင် အရောင်းအဝယ်ပြုလုပ်မည့်ရက်) နှင့် အခြေခံရှယ်ယာဈေးနှုန်း (Base share price) စသည့် သက်ဆိုင်ရာ အချက်အလက်များကို အပြီးသတ် စည်းမျဉ်းစည်းကမ်းဆိုင်ရာ အတည်ပြုချက်များနှင့် ကျန်ရှိနေသော စာရင်းတင်သွင်းရေး စီစဉ် ဆောင်ရွက်မှုများ ပြီးစီးပါက သီးခြားထပ်မံ ထုတ်ပြန်ကြေညာသွားမည် ဖြစ်ပါသည်။

"YSX Main Board" တွင် စာရင်းတင်သွင်းခွင့်ရရှိခြင်းသည် Concordia မိသားစုတစ်ခုလုံးအတွက် ဂုဏ်ယူဖွယ် မှတ်တိုင်တစ်ခု ဖြစ်ပါတယ်" ဟု Concordia ၏ ဥက္ကဋ္ဌဖြစ်သူ ဒေါက်တာသန်းဝင်း က ပြောကြားခဲ့ ပါသည်။ "ဆယ်စုနှစ် သုံးခုကျော်ကာလအတွင်း ကျွန်တော်တို့ရဲ့ တိုးတက်မှုဟာ ယုံကြည်စိတ်ချရတဲ့ မိတ်ဖက်ဆက်ဆံရေး၊ နည်းပညာဆိုင်ရာ စိတ်ချရမှုနဲ့ မြန်မာနိုင်ငံရဲ့ အဓိကကဏ္ဍများအပေါ် အခိုင်အမာ ကတိကဝတ်ပြုမှုတို့မှာ အမြစ်တွယ်ခဲ့တာ ဖြစ်ပါတယ်။ အရင်းအနှီးဈေးကွက်သို့ စတင်ဝင်ရောက်လာချိန်မှာ ရှယ်ယာရှင်သစ်တွေကို နွေးထွေးစွာ ကြိုဆိုရင်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ ပိုမိုပါဝင် ကူညီသွားဖို့ မျှော်လင့်ပါတယ်" ဟုလည်း ၎င်းက ဖြည့်စွက်ပြောကြားခဲ့ပါသည်။

Concordia အတွက် ယခုအဆိုပြုထားသော စာရင်းတင်သွင်းခြင်းသည် ကုမ္ပဏီဖွံ့ဖြိုးတိုးတက်မှု၏ နောက်ထပ် အဆင့်သစ်တစ်ခုကို ကိုယ်စားပြုပါသည် - အများပြည်သူ ရှယ်ယာရှင်များ၏ ပါဝင်မှုကို ပိုမိုကျယ်ပြန့်စေခြင်း၊ တာဝန်ယူမှုနှင့် တာဝန်ခံမှုကို ခိုင်မာစေခြင်းနှင့် ရေရှည်တိုးတက်မှုကို အထောက်အကူပြုမည့် အခြေခံကောင်းတစ်ခုကို ဖန်တီးပေးခြင်းတို့ ဖြစ်ပါသည်။ ကုမ္ပဏီသည် ၎င်း၏ လုပ်ငန်း အတွေ့အကြုံများနှင့် ဒေသတွင်း တည်ရှိမှုတို့အပေါ် အခြေခံ၍ သုံးစွဲသူများ၊ စီးပွားရေး

မိတ်ဖက်များနှင့် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုကို ပိုမိုခိုင်မာအောင် တည်ဆောက်သွားရန် ရည်မှန်းထားပါသည်။

Concordia နှင့် စာရင်းတင်သွင်းခြင်းဆိုင်ရာ အသေးစိတ်အချက်အလက်များကို YSX ဝဘ်ဆိုက် https://ysx-mm.com/ တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

Concordia Public Company Limited သည် မြန်မာနိုင်ငံ ကုမ္ပဏီများမှတ်ပုံတင်အမှတ် ၁၇၇၀၃၅၉၉၁ ဖြင့် ၁၉၉၃ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ဖွဲ့စည်းတည်ထောင်ခဲ့သော မြန်မာနိုင်ငံ၏ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခု ဖြစ်ပါသည်။ ရန်ကုန်မြို့တွင် ရုံးချုပ်ကိုတည်ထောင်ထားရှိပြီး ကုမ္ပဏီသည် အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်း၊ ဆေးဘက်ဆိုင်ရာ ကိရိယာပစ္စည်းများ လုပ်ငန်းနှင့် ရုံးသုံး အလိုအလျောက်စနစ်သုံး ပစ္စည်းများ လုပ်ငန်းတို့ကို စက်ပစ္စည်း ငှားရမ်းခြင်း၊ နည်းပညာဆိုင်ရာ ဝန်ဆောင်မှုပေးခြင်းနှင့် အရည်အသွေး ထိန်းချုပ်ရေး ဓာတ်ခွဲခန်း ဝန်ဆောင်မှုများဖြင့် အကူအညီပေးကာ ဆောင်ရွက်လျက်ရှိပါသည်။ အသေးစိတ် အချက်အလက်များအတွက် www.concordiamyanmar.com သို့ ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

မီဒီယာနှင့်ရင်းနှီးမြှုပ်နှံသူများ စုံစမ်းမေးမြန်းရန်

စည်းကမ်းလိုက်နာရန် ကြီးကြပ်မည့်အဖွဲ့ (Compliance Team) | ကော်ပိုရိတ်ရေးရာနှင့် မဟာဗျူဟာ စီမံခန့်ခွဲမှုဌာန

ကွန်ကော့ဒီးယား အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက်

အဆောက်အအုံ အမှတ် ၁၁၊ အမ်အိုင်စီတီပတ်ခ် (MICT Park)၊ ပထမထပ်မှ စတုတ္ထထပ်အထိ၊ လှိုင်မြို့နယ်၊ ရန်ကုန် ၁၁၀၅၁၊ မြန်မာနိုင်ငံ။

ဖုန်းနံပါတ်: +၉၅ ၉ ၈၈၀ ၄၄၁ ၀၆၀

အီးမေးလ်: compliance.casm@concordia.com.mm